

ဘာသာပြန် – MTSO(MBW)

# ကျင့်ကြံခြင်းကမ္ဘာမှအင်တာနက်ကဖေး

## စာစဥ် (၄၄)

## Chapter (646-660)

## အခန်း 646
## ကွေ့ကျောက်က ကျောက်ချောင်းလိုဏ်ဂူမှာ ကိုယ်ထင်ပြလာတယ်

*

~ဤအခိုက်အတန့်တွင် နတ်ဆိုးကြီးများစွာတို့သည် ကောင်းကင်၌ ပေါ်လာသော ကမ္ဘာမှ ပျံဆင်းလာကြသည်။ ဒဏ္ဍာရီမှာတော့ ကြွံသူတော်တွေဟာ အလွန်ပင် ရှားပါးသော သားရဲတွေ ဖြစ်၏။

စိတ်ကူးယဉ်သရဲကမ္ဘာမှ စိတ်ကူးယဉ် ကြွံသူတော်များသည် ဒဏ္ဍာရီပုံပြင်များထက် ပိုပြင်းထန်ပြီး ခမ်းနားသည်။

ပိန်လှီ ရှည်လျားသော ကိုယ်ခန္ဓာ၊ မြေခွေးလို ဦးခေါင်းများ၊ အမြီးရှည်များ၊သက်တန့်ရောင် အမွေးများနှင့် တောင်ကဲ့သို့ အရွယ်အစားတို့ဖြင့် ၎င်းတို့သည် ချုံးပွှာ ဂိုဏ်း၏ တပည့်များကြားတွင် သွေးထွက်သံယို ကပ်ဆိုးကြီး ဖြစ်စေခဲ့သည်။

ထိုမှော်သားရဲတို့၏ ခြေသည်းများသည် သွေးများ ဖြန်းခနဲ လှီးဖြတ်သွားကာ ဓားရှည်များ၏ အော်မြည်သံသည် သားရဲများ၏ ဟိန်းဟောက်သံများနှင့် ရောထွေးနေသည်။

တိမ်များကြားတွင် တောင်ထိပ်ပေါ်ရှိ ခမ်းနားသော ပုံရိပ်များ ရွေ့လျားသွားကာ ချွန်ထက်သော ဓားတန်းများနှင့် အေးစက်ပြီး ညှို့ငင်သော နတ်ဆိုးမန္တန်များသည် မသေမျိုးများနှင့် နတ်ဆိုးများကြားတွင်

ကြီးမားသော တိုက်ပွဲတစ်ခု ဖြစ်လာခဲ့သည်။

နတ်သူငယ်နှင့် ကြေးစားစစ်သားများသည် အခင်းဖြစ်ပွားရာ နေရာအား ကြည့်ကာ အံ့ဩထိတ်လန့်သော အမူအရာများ ဖြတ်ပြေးသွားကြသည်။

အလားတူ တိုက်ပွဲများစွာကို မြင်တွေ့ဖူးကြသော သူရဲကောင်းများလည်း အလားတူ မှင်သက်အံ့ဩနေကြသည်။

ဂိမ်းအတွင်းရှိ ဇာတ်လမ်းတစ်ပုဒ်က ဤမျှ ခမ်းနားထည်ဝါနိုင်သည် လား။

သူတို့ နားမလည်သေးသော်လည်း အံ့ဩထိတ်လန့်သွားကြသည်။

"အိုး? ဒါပဲလား?!"

သူတို့ ငေးမောနေချိန်မှာပဲ သူတို့ရှေ့မှ မြင်ကွင်းက ရုတ်တရက် မှိန်ကျ သွားသည်။

"အဲ့ဒါက အဆုံးပဲလား?!"

"တိုက်ပွဲမှာ ဘယ်သူ အနိုင်ရခဲ့လဲ!"

ချန်းယုံသည် ရှုံးနိမ့်တော့မည့်ဟန်ပြုပြီး ထိုက်ချင် ဝိညာဉ်သခင်ကို ခိုးဝင် တိုက်ခိုက်သည့် အခိုက်အတန့်ကို သူတို့မြင်ဖူးသည်။

"ဟာ။ ဆိုင်ရှင်က ငါတို့ကို ထပ်ပြီး မျှော်ခိုင်းပြန်ပြီ။ !?"

ဖန်းချီက သူ့အမှားမဟုတ်ဟု ပြန်ရန်တွေ့သည်။

"ဒီဂိမ်းကို ဆော့ဖ်စတားက ဖန်တီးထားတာလေ၊ကျုပ်ကို ဘာလို့ အပြစ်တင်နေတာလဲ"

ဖန်းချီ ကျွဲမြီးတိုသွားသည်။

....

ရုပ်ရှင်ပြကွက်ဖွင့်ပြီးနောက်၊ ဂိမ်းက စတင်ခဲ့သည်။

"အိုး... ဂိုဏ်းချုပ်ဖြစ်ပုံရတဲ့ ဒီလူကို နတ်ဆိုးက သတ်လိုက်တာမလား။ "

စုထျန်းကျီသည် သူမ၏ တိုက်ရိုက်ထုတ်လွှင့်မှုအခန်းတွင် အာလူးကြော်စားရင်း ရုပ်ရှင်ပြကွက်ကို ကြည့်ပြီးသွားသည်။ သူမသည် ၎င်းကိုကြည့်နေစဉ် မြင်ကွင်းများကို ရှင်းပြနေသည်။ သူမသည် ထိုအရာများနှင့် အလွန်ကျွမ်းကျင်ပုံ ရသည်။

ထို့နောက် လူတိုင်း၏မျက်လုံးအရှေ့တွင် သစ်သားအိမ်ကြီးတစ်ခု ပေါ်လာသည်။

ယွင်ထျန်းချင်၏ အောက်မေ့ဖွယ် ကမ္ဗည်းတိုင်ကို အိမ်ရှိ စားပွဲပေါ်တွင် တင်ထားပြီး စန္ဒကူးနံ့သာ ချောင်းများမှ အခိုးအငွေ့များ လွင့်ပျံ့လာသည်။ စားပွဲဘေးတွင် ယဇ်ပူဇော်ရန် ချည်နှောင်ထားသော ဝက်ငယ်တစ်ကောင်ရှိသည်။

"အင်း၊ ဒီလူက လူမိုက်လိုပုံစံပဲ"

ဖန်သားပြင်ပေါ်တွင် ရှိနေသည်မှာ ရှုတ်ပွသော ဆံပင်ရှည်နှင့် ရုပ်ရည်ချောမောသော လူငယ်တစ်ဦး ဖြစ်သည်။ သူ့ပခုံးပေါ်တွင် တိရိစ္ဆာန်အမွေးများ ပတ်ထားသော၊ လူငယ်သည် ချည်ကြမ်းအဝတ်အစားများကို ဝတ်ဆင်ထားပြီးဆွေးမြည့်သော အမူအရာဖြင့် ကမ္ဗည်းတိုင်ရှေ့တွင် ဒူးထောက်လိုက်သည်။

"အဖေ၊ သားမှားနေပြီဆိုတာ သား သိပါပြီ။ မနေ့ညက ဝက်ထီးရဲ့ ကျယ်လောင်တဲ့အော်သံက ကျွန်တော့်ကို ညလုံးပေါက်အိပ်လို့ မရစေတဲ့အတွက် ဒီမနက် အဖေ့အတွက် အမွှေးတိုင်တွေ ထွန်းဖို့ ကျွန်တော် နောက်ကျသွားတာပါ။ နွေဦးတောင် ပေါက်ခဲ့ပြီ အဖေ။ သူ ဘာလို့ ဒီလောက်အော်နေတာ

ပါလိမ့်။ !"

ထိုစဉ်

ဘေးမှာ ချည်ထားသည့် ဝက်က အော်မြည်လာသည်။

" မအော်နဲ့ အဖေက မနက်နဲ့ ညအတွက် အမွေးတိုင် သုံးချောင်း ထွန်းပေးဖို့ ပြောထားတာကွ။ "

သူသည် ဝက်နှင့် စကားပြောနေပုံ ရသည်။ "သူ ဒေါသထွက်ရင် ဘယ်လောက်ထိ ကြောက်စရာကောင်းလဲ မင်း မသိဘူးကွ။ "

"သူက အဓိကဇာတ်ကောင်လား"

စုထျန်းကျီက နောက်ထပ် အာလူးကြော်ကို စားလိုက်သည်။

"သူက တုံးအတဲ့ပုံစံပဲ။ "

ဓားနှင့်နတ်သမီးဒဏ္ဍာရီ၁နှင့်၃ထဲက အဓိကဇာတ်ကောင်တွေ အားလုံးက ပါးနပ်ပေမယ့် ဒီကောင်လေးကတော့...

စုထျန်းကျီက အနည်းငယ် စိတ်အိုက်ကာခေါင်းကုတ်လိုက်သည်။

..သူက ဘယ်လိုဖြစ်လို့ နွားတစ်ကောင်လို တုံးအနေတာလဲ ?..

...

- ဒီအချိန်မှာ ဆိုင်အသစ်မှာ မှော်ဆရာမာလင်လည်း အံ့သြသွားသည်။

....ဒီကျင့်ကြံခြင်းမှော်နယ်မြေက ငါမြင်ဖူးသမျှ တခြားနေရာတွေနဲ့ ဘယ်လို ကွာခြားတာလဲ။ .....

နတ်သူငယ်များ၊သူရဲကောင်းများနှင့် ကြေးစားစစ်သားများသည်လည်း ဤအပိုင်းသို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။

ထို့နောက် တံခါးအပြင်ဘက်တွင် ဝက်ထီးတစ်ကောင်၏ ဟိန်းဟောက်

သံကို ကြားလိုက်ရသည်။

ထင်ရှားသည်မှာ၊ လူငယ်သည် အကောင်ငယ်လေးကို ဖမ်းပြီးနောက် ဝက်ကြီးအား နှိုးဆော်ခဲ့ခြင်း ဖြစ်သည်။

"ကောင်းလိုက်တာ!ဝက်တစ်ကောင်ကို ဖမ်းမိပြီး နောက်တစ်ကောင်က အလကားလာခဲ့တယ်။ "

ယွင်ထျန်းဟဲ ဝမ်းသာအားရဖြင့် တံခါးကို ပြေးထွက်လာခဲ့သည်။

အခုချိန်မှာတော့ ကစားသမားတွေက အဓိကဇာတ်ကောင်ကို ထိန်းချုပ်ဖို့ အချိန်ရောက်နေပါပြီ။

"ငါတို့ လေးနဲ့ဓား နှစ်ခုလုံး သုံးနိုင်လား"

ယွင်ထျန်းဟဲက သူ့လေးမြားကို ထုတ်ယူနေတာကို မြင်လိုက်ရသောအခါ လေးပစ်ဆရာတွေ ဖြစ်သည့် နတ်သူငယ်တွေက စမ်းကြည့်ဖို့ စိတ်အား ထက်သန်နေကြသည်။

အခန်းထဲတွင် သံချေးတက်နေသော ဓားပါးပါးလေးလည်း ရှိနေသည်။

ဓားက ကောင်းမွန်စွာ ထိန်းသိမ်းထားခြင်း မရှိ၍ဟောင်းနွမ်းနေသည်။

"ဒီလက်နက်နှစ်ခုကို ငါတို့သုံးလို့ရမလား"

အယ်လီနာနှင့် နောက်ကွယ်မှ စောင့်ကြည့်နေသော အခြားလုပ်ကြံ သတ်ဖြတ်သူများသည် စိတ်အားထက်သန်စွာ ကြည့်နေကြသည်။

လေးနှင့်ဓားများသည် လုပ်ကြံသတ်ဖြတ်သူ၏ဝါဒတွင် အသုံးပြုလေ့ရှိ သော လက်နက်များ မဟုတ်ပါလား။

"ဒီလက်နက်တွေသုံးရတာ ဘယ်လိုခံစားရလဲ ငါ သိချင်လိုက်တာ…"

"ကျွန်တော် ဒီမြင်ကွင်းကို နမူနာမှာ မြင်ဖူးတယ်!"

ကစားသူများ၏ ပေါက်ဖွားရာနေရာသည် ဖန်သားပြင်များနှင့်တူသော ရှေးဟောင်း သစ်ပင်ကြီးများဖြင့် ဖုံးလွှမ်းထားသည့် အစိမ်းရောင် ၄က်တောင်တွင် အခြေတည်သည်။

သစ်သားအိမ်၏ နောက်ကွယ်တွင် ရေတံခွန်အောက်ရှိ မြစ်ကမ်းပါးများကို ဆက်သွယ်ထားသော ကျောက်တံတားကြီးတစ်ခုနှင့် ဧရာမရေတံခွန်ကြီးတစ်ခု ရှိသည်။

အိမ်၏ အရှေ့တွင် အစိမ်းရောင်ကျောက်စိမ်းတွေနှင့် ပြုလုပ်ထားသည့် ရှေးဟောင်းလမ်း ရှိသည်။ ဟိုးအဝေးမှာတော့ မြင့်မားသော ချောက်တစ်ခု။

ထိုအထက်မှ ကြည့်လျှင် မှိုင်းညို့ပြီး လှပသော ရှုခင်းတွေကို မြင်တွေ့နိုင်ပါမည်။

ဤနေရာရှိ မြက်ပင်များနှင့် သစ်ပင်များအားလုံးသည် သဘာဝအတိုင်းပင် ဖြစ်သည်။

နတ်သူငယ်တွေအတွက် ဒီနေရာဟာ သူတို့မြင်ဖူးသော အလှတွေနှင့် မတူညီပါပေ။

"အိုး! အလှပဆုံးနေရာဆိုတာ ငါတို့ ငွေလရောင်သစ်တောထဲက လရောင်ရေကန်လို့ ငါ ထင်ခဲ့တာ..."

ဆာလာ၏ လှပသောမျက်လုံးများက အံ့ဩဖွယ်ကောင်းသော အစိမ်းရောင်၄က်တောင်ထိပ်ကို မျက်တောင်မခတ်နိုင်ဘဲ ငေးကြည့်နေသည်။

"အို! လှလိုက်တာ!"

အနုပညာနှင့် သဘာဝကို နှစ်သက်သော နတ်သူငယ်များအတွက် ဤနေရာ၏ ရှားပါးသော သဘာဝအလှကို ခံစားရန် ဤကဲ့သို့သော အခွင့်အရေးကို ဘယ်တော့မှ လက်မလွှတ်စေရပါ။

အလုပ်နှင့် ဇာတ်လမ်းအတွက်လား။ ဟင့်အင်း။ ထိုအရာအတွက် နောက်မှ တွေးကြမည် ဖြစ်သည်။

ဟုတ်ပါသည်။ သူတို့တွေက လုပသော ရှုခင်းများ၏ ဒဏ္ဍာရီလာ ပရိသတ်တွေ ဖြစ်ကြပေသည်။

သဘာဝအလှကို ဦးစွာ ခံစားကြရမည်။

ယွင်ထျန်းဟဲ ဖခင်၏ သင်္ချိုင်းတည်ရှိရာ ကျောက်ချောင်းဂူထဲသို့ ဝက်မကလေးသည် ပြေးသွားသော်လည်း အဆိုပါနတ်သူငယ်များသည် ၎င်းကို လျစ်လျူရှုကာ သူတို့သွားသည့် နေရာတိုင်း၏ screenshots များ ရိုက်ယူရန်သာ ဆန္ဒရှိသည်။ နတ်သူငယ်တို့က အစိမ်းရောင်ငှက်တောင်ထိပ်သို့ ပြေးသွားခဲ့သည်။

ရွှေရောင်နယားပျံ သူရဲကောင်းများနှင့် မော်ဆရာမာလင်တို့ကမူ ရှုခင်းကို နှစ်သက်ကြသော်လည်း နတ်သူငယ်များလောက် မရူးသွပ်ကြပေ။

"ဒါက အတတ်ပညာတွေကို လေ့ကျင့်ဖို့ အဆင့်နိမ့် ကျင့်ကြံခြင်း မော်နယ်မြေလား...?"

မာလင် အံ့သြသွားသည်။

စောစောက သူတို့ကြည့်ခဲ့သော တိုက်ပွဲကြီးအရ၊ ဤ ကျင့်ကြံခြင်းမော်နယ်မြေသည် အဆင့်မြင့် ကျင့်ကြံခြင်း မော်နယ်မြေ ဖြစ်သင့်သည်။

ငါ ထိန်းချုပ်ထားတဲ့ ကောင်လေးမှာ ဘယ်လိုဖြစ်ပြီး သူ့ခန္ဓာကိုယ်ထဲမှာ ခွန်အားနည်းနည်းပဲ ရှိရတာလဲ။

အရင်ပြကွက်တွေဟာ ကြွားဝါသို့ သက်သက် ထည့်သွင်းထားတာပဲလား။

...

သည်အချိန်မှာ ဟယ်လင်လည်း ထိုအပိုင်းကို ရောက်လာခဲ့သည်။

သူမမျက်လုံးထဲမှာတော့ အဓိကဇာတ်ကောင်က တခြားဂိမ်းထဲက ဇာတ်ကောင်တွေနှင့် လုံးဝကို ကွဲပြားနေပြီး သူက အရမ်း ရယ်စရာကောင်း လေ၏။

ခစ်ခစ်ခစ်! ဒီကောင်လေးက... တောဝက်ကြီးနဲ့ ဝက်မလေးကို ဘယ်လို ဖြစ်ပြီး လွဲရတာလဲ!

"ဒီဝက်မလေးကို သူက နတ်ဆိုးဝက်လို့ ထင်နေတာလား။ ခစ်ခစ်။ ဒါက အရမ်းရယ်ရတာပဲ..."

ရေခဲပုံဆောင်ခဲများနှင့် အမည်းရောင်ကျောက်စိမ်းများဖြင့် ပြည့်နှက်နေသော လိုဏ်ဂူထဲတွင် ဤလူငယ်နှင့် မိန်းကလေးတစ်ဦးကြား စကားစမြည် ပြောဆိုမှုကို ကြည့်ပြီး ဟယ်လင်သည် ရယ်မောကာ အနီရောင် လက်ဖက်ရည်အေးပင် ထွေးထုတ်လုနီးပါး ဖြစ်သွားရသည်။

ရုတ်တရက်...

"ဟင်။ ဒါက ဘာလဲ?!"

ထိုအချိန်တွင် ကျောက်ချောင်းဂူထဲတွင် လူသားမဆန်သော အသံတစ်ခု ထွက်ပေါ်လာသည်။

"လေပြင်းနဲ့ မိုးကြိုးကို တီးတိုးဆင့်ခေါ်မယ်။ ကောင်းကင်နဲ့ မြေကြီးကို ရောက်ရှိပြီး သရဲကမ္ဘာကို ဝင်ရောက်မယ်။ ငါ့စိတ်ဆန္ဒအတိုင်း အရာ အားလုံးကိုပြောင်းလဲပစ်မယ်။ "

ဟယ်လင် လှမ်းကြည့်လိုက်တော့ အဖြူရောင်ဖျော့ဖျော့ အရိပ်တစ်ခု ပေါ်လာသည်။ သူသည် ခန္ဓာကိုယ် ရှိသည်။ သို့သော် ခြေထောက် မရှိပေ။ သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင်ဝိညာဉ်၊တစ္ဆေသရဲကဲ့သို့ အဖြူရောင်မီးတောက် များ တောက်လောင်နေသည်။

"တစ္ဆေလား?" သူမ အံ့သြသွားပုံပေါ်သည်။

ကန်လန် မြို့မှာ မွေးဖွားကြီးပြင်းလာသည့် အထက်တန်းလွှာတစ်ယောက် အနေနှင့် ယခုလိုအရာတွေကို သူမ တစ်ခါမှမမြင်ဖူးပေ။

"ငါ့နာမည်က ကွေ့ကျောက်။ ငါသခင်အမိန့်နဲ့ ဒီနေရာကို စောင့်ရှောက်ပြီး ကျူးကျော်သူမှန်သမျှကို ငါ သတ်ဖြတ်တယ်!"

"အမယ်လေး။ ဘာကောင်ကြီးလဲ!?"

ထိုသို့ ဟယ်လင်၏ ထိတ်လန့်တကြားအော်သံက သူမပတ်ဝန်းကျင်ရှိ လူအားလုံး၏ အာရုံကို ဆွဲဆောင်သွားခဲ့သည်။

မကြာခင်မှာ မသေမျိုး သဏ္ဌာန်ရှိသော အဖြူရောင် အစောင့်အရှောက်ဝိညာဉ်ကို သူတို့လည်း တွေ့လိုက်ရသည်။

ဟယ်လင်၏ ဓားရေးနည်းများသည် ကောင်းမွန်သော်လည်း ဤဝိညာဉ်အား သူမ၏ဓားဖြင့် ထိလိုက်သောအခါတွင် ဓားသည် အစောင့်အရှောက်ဝိညာဉ်၏ ခန္ဓာကိုယ်အား လေလို ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

"ဒါဟာ... မှော်ဖန်တီးမှု သတ္တဝါများလား?!"

မာလင် တစ်ယောက် အေးခဲသွားရသည်။

"ဟုတ်တယ်။ ဒါက မှော်ဖန်တီးမှု သတ္တဝါ ဖြစ်ရမယ်။ ခုခံအားမြင့်တဲ့ အဆင့်မြင့်မှော်ဖန်တီးမှု သတ္တဝါ ပဲ!"

ဒါက အခြေခံ အဆင့် ကျင့်ကြံခြင်းမှော်နယ်မြေလေးတစ်ခု မဟုတ်ဘူးလား?။

ဒီလိုအရာတွေ ဘယ်လိုဖြစ်လာရတာလဲ!

ဒါ့အပြင်... ဒါက အရှေ့တိုက်ကြီးရဲ့ မှော်ပညာလား။

သူတို့ရဲ့ အရည်အချင်းတွေက ဒီလောက်အဆင့်မြင့်သွားပြီလား?....

***